Taxila High School® University of Taxila®

**GED and Duolingo Program Terms and Conditions**

GED and Duolingo ပရိုဂရမ်နှင့် ပတ်သတ်သော စည်းမျဉ်းအခြေအနေများ

(၁) သင်တန်းပရိုဂရမ်ကို အချိန်မှန် တက်ရောက်နိုင်သူ ဖြစ်ရမည်။ သင်တန်းပရိုဂရမ် ကာလအတွင်း အတန်းချိန် (၃) ချိန်ထက် ပိုမိုပြီး ခွင့်မဲ့ပျက်ကွက်ပါက ပရိုဂရမ်မှ ထုတ်ပယ်မည် ဖြစ်ပါသည်။ (ကျန်းမာရေး နှင့် နာရေးများ အရေးပေါ်ဖြစ်ပေါ်လာပါက ခိုင်လုံသော မှတ်တမ်းအထောက်အထား နှင့်တကွ ခွင့်တိုင်ကြားရန် လိုအပ်ပါသည်။)

(၂) ကျောင်းသား/သူများအနေဖြင့် သင်တန်းပရိုဂရမ်အား တက်ရောက်ရန် လျှောက်ထားရာတွင် ဖြည့်သွင်းထားသော အချက်အလက်များကို ရည်ရွယ်ချက်ရှိရှိဖြင့် လိမ်လည်ဖြည့်သွင်းပါက ပရိုဂရမ်မှ ချက်ချင်းထုတ်ပယ်မည် ဖြစ်ပါသည်။

(၃) အွန်လိုင်းမှ တက်ရောက်ကြသော ကျောင်းသား/သူများအနေဖြင့် လူတွေ့တက်ရောက်လိုပါက လူတွေ့သင်တန်းသို့ လိုအပ်သည့်ကျောင်းလခ ထပ်မံပေးသွင်းကာ တက်ရောက်နိုင်ပါသည်။ သို့သော် လူတွေ့သင်တန်းမှ ကျောင်းသား/သူများအနေဖြင့် ပရိုဂရမ်မပြီးဆုံးမချင်း အွန်လိုင်းသင်တန်းသို့ ပြောင်းရွှေ့တက်ရောက်ခွင့် မရှိပါ။ ခိုင်လုံသော အကြောင်းပြချက်ကြောင့် လူတွေ့သင်တန်းမှ အွန်လိုင်းသင်တန်းသို့ ပြောင်းရွှေ့တက်ရောက်လိုသည့် ကျောင်းသား/သူများအနေဖြင့် အွန်လိုင်းသင်တန်းသို့ တက်ရောက်သော်လည်း လူတွေ့သင်တန်းအတွက် ပေးသွင်းရန် လိုအပ်သော ကျောင်းလခကိုသာ ပေးသွင်းရမည် ဖြစ်ပါသည်။

(၄) အွန်လိုင်းမှ တက်ရောက်ကြသော ကျောင်းသား/သူများအနေဖြင့် သင်တန်းပရိုဂရမ်ကာလအတွင်း Google Classroom နှင့် Zoom များအား အသုံးပြုရာတွင် မိမိတစ်ဦးတည်းသာ အသုံးပြုကာ တက်ရောက်ရပါမည်။ မှတ်တမ်းများအရ တစ်ဦးထက်ပိုမို အသုံးပြုနေကြောင်း တွေ့ရှိရပါက ပရိုဂရမ်မှ ထုတ်ပယ်မည် ဖြစ်ပါသည်။ (မိမိ၏ အီးမေးအကောင့်များ ဟက်ခံရခြင်းများ ဖြစ်ပေါ်လာပြီး တစ်ဦးထက်ပိုမိုအသုံးပြုနေပါကလည်း သင်တန်းရေးရာဌာနမှ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းများ ပြုလုပ်ပေးမည် မဟုတ်ကြောင်း အထူးသတိပြုရပါမည်။)

(၅) ကျောင်းသား/သူများအနေဖြင့် သင်ကြားပို့ချသူ ဆရာ/မများအား ရိုသေလေးစားစွာ ဆက်ဆံရန်နှင့် တက်ရောက်သူများအချင်းချင်း ရိုသေလေးစားစွာ ဆက်သွယ်ပြောဆိုကြရပါမည်။

(၆) ကျောင်းသား/သူများအနေဖြင့် သတ်မှတ်ထားသော အိမ်စာများအား အချိန်မီပြီးစီးအောင် ရေးသားကြရပါမည်။ အိမ်စာများအား နှစ်ကြိမ်တိုင် အချိန်မီမပြီးစီးပါက ပရိုဂရမ်မှ ထုတ်ပယ်မည်ဖြစ်ပါသည်။

(၇) ကျောင်းသား/သူများအနေဖြင့် သင်တန်းချိန်များတွင် သင့်တင့်လျောက်ပတ်စွာ ပြုမူပြောဆိုရပါမည်။

(၈) ကျောင်းသား/သူများအနေဖြင့် သင်တန်းချိန်များတွင် သင်ခန်းစာများအကြောင်း ဆွေးနွေးလိုသည့်အခါ၊ မေးခွန်းများ မေးမြန်းလိုသည့်အခါတွင် လက်ထောင်သည့် ခလုတ်အား နှိပ်ပြီး အစဉ်လိုက်ဆွေးနွေးရန် လိုအပ်ပါသည်။

(၉) ကျောင်းလခပေးသွင်းသွားပြီးသည့်အခါ ပရိုဂရမ်မှ ထုတ်ပယ်ခံရခြင်း၊ မိမိဘာသာ နှုတ်ထွက်ခြင်းနှင့်သင်တန်းကျရှုံးခြင်းများအတွက် ပေးသွင်းပြီးသော ကျောင်းလခအား ကျောင်းသား/သူများအနေဖြင့်ပြန်လည်ရရှိမည် မဟုတ်ပါ။ ထို့အပြင် ရန်သူမျိုးငါးပါးကြောင့် သင်တန်းဘက်မှ ဆုံးရှုံးမှုများဖြစ်ပေါ်လာခဲ့ပါက ကျောင်းသား/သူများအနေဖြင့် ပေးသွင်းပြီးသည့် ကျောင်းလခများအား ပြန်လည်ရရှိမည် မဟုတ်ပါ။

(၁၀) ကျောင်းလခပေးသွင်းရန် နောက်ဆုံးသတ်မှတ်ရက်ထက် ကျော်လွန်ခဲ့ပါက နောက်ကျသည့်တစ်ရက်လျှင် (၄,၀၀၀) ကျပ်နှုန်းဖြင့် ဒဏ်ကြေးအား ထပ်မံပေးသွင်းရမည် ဖြစ်ပါသည်။

(၁၁) ကျောင်းသား/သူများအနေဖြင့် ဝင်ခွင့်ရရှိပြီးပါက သတ်မှတ်နောက်ဆုံးရက်မတိုင်မီ တက်ရောက်လို/မလိုအား အကြောင်းပြန်ကြားပေးရန် လိုအပ်ပါသည်။ သတ်မှတ်ရက်ထက် နောက်ကျပြီးမှတက်ရောက်လိုကြောင်း အကြောင်းပြန်ကြားလာခဲ့ပါက တက်ရောက်ခွင့်နှင့် ပညာသင်ဆု(ရရှိခဲ့ပါက) အား ဆက်လက်ရရှိရန် မသေချာပါ။

(၁၂) ကျောင်းသား/သူများအနေဖြင့် သင်တန်းကာလအတွင်း အခါအားလျော်စွာ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

(၁၃) ပညာသင်ဆုများ ရွေးချယ်ပေးအပ်ရာတွင် အငြင်းပွားဖွယ်ရာအချက်များ ပေါ်ပေါက်လာပါက ပညာသင်ဆုစိစစ်ရွေးချယ်ရွေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ပါသည်။